# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ

စာစဉ် ၇ | ၁-၃၁ ဇူလိုင် ၂၀၁၆

OCHA



လိုင်ဇာ၊ အလန်ဘမ် အဆောင်နေကျောင်းမှ ကျောင်းသားတစ်ဦး၊ ဇူလိုင် ၂၀၁၆။
ဓာတ်ပုံ - OCHA

ဤစာစဉ်တွင်

ရှမ်းမြောက် နေရပ်စွန့်ခွာ တိမ်းရှောင်မှု စာ-၁
မိုးသည်းထန်မှုကြောင့် မြေပြိုကျမှုများ ဖြစ် စာ-၂
MSF-H လုပ်ငန်းများ ရပ်တန့်ထားရဆဲ စာ-၃
ရခိုင်တွင် ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက် စာ-၄
ကချင် အဆောင်နေကျောင်းများအတွက် အကူအညီ စာ-၅

## အဓိကအချက်များ

- ရှမ်းမြောက်ပိုင်းတိုက်ပွဲကြောင့် လူ ၈၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။
- မိုးသက်လေပြင်းများကြောင့် မြေပြိုခြင်းများနှင့် နေအိမ်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။
- ရခိုင်တွင် ကျန်းမာရေးဝန်ဆောင်မှုများမလုံလောက်သေးဘဲ MSF-Holland နှင့် Malteser တို့၏ လုပ်ငန်းများ စတင်ခြင်း မရှိသေးပေ။
- ကချင်ရှိ အဆောင်နေကျောင်းများမှ ကလေးသူငယ်များအား လူသားချင်းစာနာမှုအဖွဲ့များက ကူညီပေးလျှက်ရှိသည်။

## အဓိက ကိန်းဂဏန်းများ

### ရခိုင်ပြည်နယ် လူသားချင်းစာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၁၃၇,၀၀၀ |
| အစားအစာမလုံလောက်သူ | ၇၀,၀၀၀ |
| သီးခြားဖြစ်နေသော ရွာများမှ လူများ | ၅၀,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၅၀,၀၀၀ |

### ကချင်နှင့် ရှမ်းမြောက် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၉၉,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၂၀,၀၀၀ |

## ရန်ပုံငွေ

၁၉၂ သန်း

တောင်းခံထား (အမေရိကန်ဒေါ်လာ)


၄၅% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM
* မေ၊ ၃၁ ကရရှိသော UNHCR (CCCM) ကိန်းဂဏန်းများ

# ရှမ်းမြောက်ပိုင်း တိုက်ပွဲကြောင့် လူ၈၀၀ဦး နေရပ်စွန့်ခွာ တိမ်းရှောင်ရ

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့အကြား ဇူလိုင်လ ၁၉ ရက်နေ့ မှ ၂၁ ရက်ထိ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လူ ၈၀၀ ကျော် မန်ပူရွာမှ နမ့်ခမ်းမြို့သို့ တိမ်းရှောင်ခဲ့ရသည်။ ခန့်မှန်းချေ တစ်ဝက်ခန့်မှာ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များဖြစ်သည်။ ပြည်တွင်းမီဒီယာများတွင် ဖော်ပြချက်အရ တိုက်ပွဲအတွင်း အနည်းဆုံး ပြည်သူတစ်ဦးသေဆုံးခဲ့ရသည်ဟု သိရသည်။

ရှမ်းမြောက် နေရပ်စွန့်ခွာတိမ်းရှောင်မှု၊ ဇူလိုင် ၂၀၁၆




နေရပ်စွန့်ခွာသူအများအပြားမှာ ရပ်ရွာခံ အသိုင်းအဝိုင်းအတွင်းရှိ မိသားစုများထံ ခိုလှုံလျှက်ရှိပြီး အခြားသူများမှာ နမ့်ခမ်းမြို့အတွင်းရှိ အများပိုင် အဆောက်အဦးတစ်ခုတွင်နေထိုင်လျှက်ရှိသည်။ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက နေရပ်စွန့်ခွာလာသောမိသားစုများအား အကူအညီများပေးအပ်ခဲ့သည်။ ကချင်နှစ်ခြင်းအဖွဲ့ချုပ် (KBC)က အစားအစာများဖြန့်ဖြူးပေးပြီး UNHCR က စောင်၊ ဆပ်ပြာနှင့် တာပေါ်လင် စသည့် အစားအစာမဟုတ် သော ပစ္စည်းများ ပေးအပ်ကာ WFP က လူ ၈၀၀ ကျော်အတွက် နှစ်ပတ်စာ ရိက္ခာ ပေးအပ်ခဲ့သည်။

ထို့ပြင် Save the Children က ယာယီအိမ်သာများတည်ဆောက်ပြီး အခြေခံ စိတ်လူမှု အထောက်အပံ့ ပေးအပ်ကာ တိုက်ပွဲအတွင်း ကွဲကွာသွားသော မိသားစုဝင်များအား ပြန်လည် ရှာဖွေရန် အကူအညီ ပေးခဲ့သည်။

နေရပ်စွန့်ခွာတိမ်းရှောင်သူအများစု လမကုန်မီ မန်ပူရွာသို့ပြန်သွားကြသော်လည်း တင်းမာမှုများဆက်လက်ရှိနေဆဲဖြစ်ကာ လူသားချင်းစာနာမှုအဖွဲ့များက အခြေအနေကို ဆက်လက်စောင့်ကြည့်နေသည်။

# မိုးလေပြင်းထန်၍ မြေပြိုပျက်ဆီးခြင်းများကြောင့် လူများ သေဆုံး

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (RRD) ၏ ထုတ်ပြန်ချက်အရ ဇူလိုင်လတွင် တိုင်းပြည်အနှံ့၊ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် ဧရာဝတီ၊ ပဲခူး၊ ကရင်၊ မကွေး၊ ရခိုင်၊ ရှမ်း၊ တနင်္သာရီနှင့် ရန်ကုန်အပါအဝင် ဒေသအများအပြားတွင် ပျက်စီးဆုံးရှုံးမှုများ၊ ရေကြီးခြင်းများနှင့် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့သည်ဟု သိရသည်။ အချို့အခြေအနေများတွင် ယာယီနေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပွားခဲ့ပြီး လူအများ မိမိတို့ နေအိမ်သို့ ရက်အနည်းငယ်အတွင်း ပြန်သွားနိုင်ခဲ့သည်။ RRD ၏ ထုတ်ပြန်မှုအရ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်တွင် ၁၃ ဇူလိုင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျခဲ့ပြီး လူ ခုနစ်ဦး သေဆုံးခဲ့သည်ဟု သိရသည်။ ကချင်ပြည်နယ်၊ လိုင်ဇာအနီး ဂျယ်ယန်စခန်းတွင် ၂၂ ဇူလိုင်က မြေပြိုကျမှုကြောင့် ကလေးသူငယ် သုံးဦးအပါအဝင် လူ ငါးဦးသေဆုံးခဲ့သည်။ ဂျယ်ယန်စခန်းရှိ အိမ် ၁၂၀ ကျော်မှ လူများကို နောက်ထပ် မြေပြိုနိုင်ချေရှိသည့်အတွက် နေရာရွှေ့ပြောင်းပေးခဲ့ပြီး ယခုအခါ တရုတ်ကြက်ခြေနီအဖွဲ့မှပေးအပ်သည့် ယာယီတဲများတွင် နေထိုင်လျှက်ရှိသည်။ ယင်းတဲများမှာ မိုးဒဏ်လေဒဏ်ခံနိုင်ခြင်းမရှိသောကြောင့် မိသားစုများအား ပိုမိုလုံခြုံသော နေရာသို့ ရွှေ့ပြောင်းပေးရန် စီစဉ်လျှက်ရှိသည်။ ကချင်လွတ်မြောက်ရေးအဖွဲ့၏ လူသားချင်းစာနာမှုအဖွဲ့ခွဲဖြစ်သော IDP နှင့် ဒုက္ခသည် ကယ်ဆယ်ရေး ကော်မတီ (IRRC) မှ နေရာအသစ်တစ်ခုရှာဖွေပြီး ခိုလှုံရာနေရာများ တည်ဆောက်ရန် စီစဉ်ပြီးဖြစ်သော်လည်း လုံလောက်သော ရေအထောက်အပံ့နှင့် အိမ်သာများ မရှိသေးပေ။ UNHCR က ဇူလိုင် ၂၈ မှ ဩဂုတ် ၁ ထိ ဒေသဖြတ်ကျော်ထောက်ပံ့ရေးခရီးစဉ်အတွင်း ယင်းမိသားစုများအား စောင်၊ ဖျာနှင့် ရေပုံးများအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။



ဂျယ်ယန်ရှိ မြေပြိုမှု ဒဏ်ခံခဲ့ရသူများအား UNHCR မှ အကူအညီပေးနေစဉ်၊ ၃၁ ဇူလိုင် ၂၀၁၄။ ဓာတ်ပုံ - OCHA

*ဇူလိုင်လတွင် တိုင်းပြည်အနှံ့၊ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် ဒေသအများအပြားတွင် ပျက်စီးဆုံးရှုံးမှုများ၊ ရေကြီးခြင်းများနှင့် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားခဲ့သည်။*

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်ရှိ ပန်ဆန်းဒေသတွင်လည်း ဇူလိုင် ၂၁ နှင့် ၂၂ က မိုးကြီးခြင်းကြောင့် မြေပြိုခြင်းနှင့် ရေကြီးခြင်းများ ဖြစ်ပွားခဲ့သည်။ ဒေသခံ NGO များ၏ အစီရင်ခံမှုအရ အနည်းဆုံး ရွာခုနစ်ရွာရှိ စပါးခင်းများ ပျက်ဆီးခဲ့သည်ဟု သိရသည်။ တံတားများ၊ ရေလှောင်ကန်များ အပါအဝင် အခြေခံအဆောက်အဦးများနှင့် လူနေအိမ်အချို့လည်း ပျက်ဆီးမှုများ ရှိသည်။ အခြေခံအဆောက်အဦး ပျက်စီးမှုများကြောင့် ဘေးဒဏ်သင့်ဒေသအချို့သို့ သွားရောက်ရန် ခက်ခဲနေပြီး အကူအညီပို့ဆောင်ရေးနှင့် အကဲဖြတ်လေ့လာမှုများပြုလုပ်ရန် မလွယ်ကူဘဲ နောက်ထပ် ရွာများလည်း ထိခိုက်နိုင်ချေရှိသည်ဟု ဒေသခံ NGO များက အစီရင်ခံကြသည်။ မူဆယ်မြို့ရှိ စခန်းများတွင် နေထိုင်သော နေရပ်စွန့်ခွာတိမ်းရှောင်သူများအပါအဝင် လယ်သမားများသည် လာမည့် စိုက်ပျိုးရာသီအတွက် စပါးများ ဆုံးရှုံးသွားကြပြီး ဘေးဒဏ်သင့် မိသားစုများအနေဖြင့် အစားအစာ အကူအညီအပါအဝင် သီးနှံများ ပြန်လည် စိုက်ပျိုးရန်အတွက် မျိုးစေ့များ လိုအပ်လိမ့်မည်ဟု ဒေသခံအဖွဲ့များက အစီရင်ခံကြသည်။

### ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် စခန်းများတွင် မီးဖိုရာနေရာများ ပျက်စီးဆုံးရှုံး



စစ်တွေမြို့ပြင်၊ ဒါပိုင်စခန်းတွင် လေပြင်းကျပြီး ပြင်ဆင်မှုပြုလုပ်စဉ်၊ ဇူလိုင် ၂၀၁၄။ ဓာတ်ပုံ - DRC/Kaspar Roelle

ဇူလိုင်လ တတိယပတ်တွင် ရခိုင်ပြည်နယ်၊ စစ်တွေဒေသရှိ ဒါပိုင်စခန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မီးဖိုရာနေရာ ၃၈ လုံးနှင့် ယာယီပညာသင်ကြားရေးဌာန နှစ်ခုတို့ ပျက်စီးခဲ့သည်။ အစိုးရမှ ဘေးဒဏ်သင့်မိသားစုများအား ဆန်များ ပေးအပ်၍ တုံ့ပြန်ခဲ့ပြီး နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) က အဆိုးဝါးဆုံးပျက်စီးခဲ့သော အဆောက်အဦးများအတွက် ယာယီအကူအညီအနေဖြင့် တာပေါ်လင်များ ပေးအပ်ခဲ့သည်။ ဒိန်းမတ်ဒုက္ခသည် ကောင်စီ (DRC) က ရေပုံး၊ စောင်၊ တာပေါ်လင်၊ ကြိုးနှင့် ဆပ်ပြာအပါအဝင် အစားအစာမဟုတ်သော ပစ္စည်းများကို ဖြန့်ဖြူးပေးခဲ့ပြီး ထိခိုက်ပျက်စီးခဲ့သော မီးဖိုရာနေရာများကို ငါးရက်အတွင်း ပြင်ဆင်ပေးခဲ့သည်။ နောက်နှစ်ပတ်အတွင်း စစ်တွေအနီးရှိ စခန်းသုံးခုမှ မီးဖိုရာနေရာ ၁၀ လုံး ထပ်မံပျက်စီးခဲ့သည်။ လာမည့် သီတင်းပတ်များ အတွင်း မိုးနှင့် မုန်တိုင်းများ ထပ်မံကျရောက်မည်ဟု ခန့်မှန်းရသည့်အလျောက် DRC နှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းများက စခန်းများရှိ ပျက်စီးသွားသော မီးဖိုရာနေရာများကို ပြင်ဆင်ရန် ဦးစား ပေး ဆောင်ရွက်လျက်ရှိသည်။

*မတ်လကုန်ပိုင်းက စစ်တွေတွင် ကုလသမဂ္ဂနှင့်နိုင်ငံတကာ NGO ရုံးများ တိုက်ခိုက်ခံရပြီးနောက် ယာယီပြောင်းရွှေ့ထားခဲ့သော ဝန်ထမ်း အများစုမှာ စစ်တွေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သော်လည်း အများအပြားမှာ သင့်တော်သော ရုံးခန်းနေရာ မတွေ့သေးဘဲ (ယခင်က ရခိုင်ပြည်နယ်တွင် ဝန်ထမ်း ၅၀၀ ကျော်ရှိခဲ့သည့်) MSF-Holland ၏ လုပ်ငန်းများ ပြန်လည် စတင်နိုင်ခြင်းမရှိသေးပေ။*

## ရခိုင်တွင် MSF-H လုပ်ငန်းများ ဆက်လက် ရပ်ဆိုင်းထားပြီး အကူအညီပေးရေးအေဂျင်စီများ ရုံးခန်း ရှာဖွေဆဲ

မတ်လကုန်ပိုင်းက စစ်တွေတွင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ NGO ရုံးများ တိုက်ခိုက်ခံရပြီးနောက် ယာယီပြောင်းရွှေ့ထားခဲ့သော ဝန်ထမ်း ၃၀၀ ကျော်အနက် အများစုမှာ စစ်တွေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ သို့သော် (ယခင်က ရခိုင်ပြည်နယ်တွင် ဝန်ထမ်း ၅၀၀ ကျော်ရှိခဲ့သည့်) MSF-Holland သည် ဖေဖော်ဝါရီလတွင် အစိုးရက လုပ်ငန်းများ ရပ်ဆိုင်းစေခဲ့ပြီးနောက် ပြန်လည် စတင်နိုင်ခြင်းမရှိသေးသည့်အတွက် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှုဝန်ထမ်း အင်အား အလွန်နည်းပါးဆဲဖြစ်သည်။

မတ်လ တိုက်ခိုက်ခံရမှုနောက်ပိုင်း ယာယီပြောင်းရွှေ့သွားသော ဝန်ထမ်းအများစု ပြန်ရောက်လာကြသော်လည်း ရခိုင်ပြည်နယ်ရှိ လုပ်ငန်းခွင်အခြေအနေမှာ ကျေနပ်ဖွယ်ရာမရှိပေ။ နိုင်ငံတကာ အဖွဲ့အစည်းများအား ရုံးခန်းဖွင့်လှစ်ရန် သတ်မှတ်ပေးထားပြီး အစိုးရက လုံခြုံရေးအားဖြည့်ပေးထားသည့် စစ်တွေမြို့ တောင်ပိုင်းတွင် ရုံးခန်းနေရာနှင့် လူနေထိုင်ရန်နေရာများ နည်းပါးမှုကြောင့် အခက်အခဲဖြစ်နေသော ဝန်ထမ်းအများအပြားမှာ ဟိုတယ်များတွင် နေထိုင်ပြီး ၎င်းတို့ ဟိုတယ်အခန်းများမှ အလုပ်လုပ်နေရသည်။ ထိုနေရာကို အနည်းငယ်တိုးချဲ့ရန် ပြည်နယ်အရေးပေါ်အခြေအနေ ပေါင်းစပ်ညှိနှိုင်းရေးစင်တာက ဇူလိုင်လ အစောပိုင်းတွင် အတည်ပြုခဲ့သော်လည်း ထိုတိုးချဲ့မည့်နေရာတွင် သင့်တော်သောခြံဝန်းနှင့် အဆောက်အဦးများ လုံလောက်စွာမရှိပေ။ ဇူလိုင်လကုန်တွင် ဝန်ထမ်း ၁၂၀ ကျော်အတွက် ရုံးခန်းနေရာနှင့် အိမ်ယာများ လိုအပ်နေဆဲဖြစ်သည်။



ဤအစီရင်ခံစာကို မြန်မာနိုင်ငံလူသားချင်းစာနာမှုအဖွဲ့ အဖွဲ့ဝင်များ၏ အချက်အလက်ပံ့ပိုးမှုများဖြင့် UNOCHA မှ စုစည်းတင်ပြသည်။

# ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာသော်လည်း အရေးကြီးလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဝန်ဆောင်မှုများ မလုံလောက်သေး

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့များမှ ကျန်းမာရေးဝန်ထမ်းများပါဝင်သော ပူးတွဲ ကျန်းမာရေးအဖွဲ့များနှင့် သီးခြား ကျန်းမာရေးအဖွဲ့များသည် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အခြား ဘေးအန္တရာယ်ကျရောက်လွယ်သော အသိုင်းအဝိုင်းများအား ကျန်းမာရေး ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်လျှက်ရှိသည်။ ပူးတွဲအဖွဲ့များရှိ ကျန်းမာရေးဝန်ထမ်းအရေအတွက်မှာ ဖွန်လတွင် ၁၀၈ ဦးမှ ဇူလိုင်လကုန်တွင် ၁၁၅ ဦးသို့ တိုးလာသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အစီရင်ခံမှုအရ နိုင်ငံတကာအဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်မှု ရပ်တန့်လိုက်ရသည့် ဧပြီလမှစ၍ ကျန်းမာရေးကုသမှုအရေအတွက် ပုံမှန် တိုးတက်လာသည်ဟု သိရသည်။ သို့ရာတွင် လွှဲပြောင်းကုသမှုအရေအတွက်မှာ ယခင်ကထက် နိမ့်ကျဆဲဖြစ်သည် (ဇူလိုင်လတွင် လွှဲပြောင်းပေးမှု ၃၀ ကြိမ်သာရှိသည်)။ လူနာလွှဲပြောင်းပေးမှုအရေအတွက် နည်းပါးခြင်းမှာ စောင့်ရှောက်မှုများအား လက်လှမ်းမီမှုကို ကန့်သတ်သော သွားလာရေးအခက်အခဲနှင့် လှုပ်ရှားသွားလာမှု ကန့်သတ်ခံရခြင်းများအပါအဝင် ကျန်းမာရေးနှင့် လွှဲပြောင်းပေးရေးလုပ်ငန်းများ နည်းပါးမှုကြောင့် ဖြစ်သည်။ အချို့အခြေအနေများတွင် စစ်တွေသို့ ဆေးကုသရေးအတွက် ခရီးသွားလာရန် ကြောက်ရွံ့ရမှုကလည်း အန္တရာယ်ကျရောက်လွယ်သူများအနေဖြင့် ၎င်းတို့လိုအပ်သော ဆေးကုသမှုခံယူရေးကို တားဆီးလျှက်ရှိသည်ဟု နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အန္တရာယ်ကျရောက်လွယ်သော ရပ်ရွာလူထုထံမှ အစီရင်ခံမှုများအရ သိရသည်။

ပြည်တွင်းနှင့် နိုင်ငံတကာ ကျန်းမာရေးအဖွဲ့များ၏ ကြိုးပမ်းမှုများရှိသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုမှာ MSF-Holland နှင့် Malteser တို့ လုပ်ငန်းများ မရပ်ဆိုင်းမီကထက် များစွာ နိမ့်ကျနေဆဲဖြစ်သည်။ WHO ၏ အစီရင်ခံမှုအရ ရခိုင်ပြည်နယ်တွင် ဇူလိုင်လ၌ နယ်လှည့်ကျန်းမာရေးအဖွဲ့များ၏ အပတ်စဉ် လှည့်လည်ကုသမှုမှာ ပျမ်းမျှ ၂၀၆ ကြိမ်ဖြစ်သည်။ ယင်းမှာ MSF-H လုပ်ငန်းများ မရပ်ဆိုင်းမီ ၂၀၁၄ ဖေဖော်ဝါရီက ပေးအပ်ခဲ့သည့် ကျန်းမာရေးဝန်ဆောင်မှု၏ ၅၀ ရာခိုင်နှုန်းသာရှိသည်။ ကျန်းမာရေးကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်နေသော လူသားချင်းစာနာမှုအဖွဲ့များ၏ အစီရင်ခံမှုအရ ဝေးလံသော သီးခြားဖြစ်နေသည့် ရပ်ရွာအများအပြားနှင့် အထူးသဖြင့် MSF-H က ဝန်ဆောင်မှုပေးခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အန္တရာယ်ကျရောက်လွယ်သော ရပ်ရွာလူထုများအတွက် ကျန်းမာရေးအစောင့်အရှောက်ကို လက်လှမ်းမီမှုမှာ ဆိုးဆိုးဝါးဝါး အကန့်အသတ်ရှိနေသည်။

*မိုးရာသီအတွင်း ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး အပါအဝင် ရေကြောင့်ဖြစ်ပွားသော ရောဂါများနှင့် ပိုးမွှားကြောင့်ဖြစ်ပွားသော ရောဂါများ အန္တရာယ် ပိုမိုများပြားလာသည်။*

ဇူလိုင်လတွင် ကျန်းမာရေးဝန်ကြီးဌာနက ဝက်သက်၊ ပိုလီယို၊ ဦးနှောက်အမြှေးရောင်၊ တီဘီ၊ ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာချောင်းဆိုး၊ အသည်းရောင် B နှင့် တုပ်ကွေးရောဂါများအတွက် မင်းပြားနှင့် ကျောက်တော်မြို့နယ်များတွင် ကလေးသူငယ် ၃၁၀ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၃၉ ဦးတို့အား ကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။ ပေါက်တောရှိ စခန်းများအားလုံးတွင် ဩဂုတ်လ ပထမပတ်အတွင်း ကာကွယ်ဆေးတိုက်ကျွေးရန် စီစဉ်ထားသည်။ ဇူလိုင်လတွင် မိုးရာသီ အရှိန်ရလာသည့်အတွက် ကျန်းမာရေးအဖွဲ့များက ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးအပါအဝင် ရေကြောင့်ဖြစ်ပွားသော ရောဂါများနှင့် ပိုးမွှားကြောင့်ဖြစ်ပွားသော ရောဂါများအန္တရာယ်ပိုမိုများပြားလာသည်ဟု အစီရင်ခံထားသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးခြင်းများကြောင့် ကျန်းမာရေးအဖွဲ့များအနေဖြင့် အချို့ သီးခြားဖြစ်နေသော ရပ်ရွာများသို့ သွားလာရန် အကန့်အသတ်ရှိသည်ဟုလည်း ၎င်းတို့က အစီရင်ခံထားသည်။

**MSF-H နှင့် Malteser တို့ ရခိုင်ပြည်နယ်တွင် လုပ်ငန်းများ ပြန်လည်စတင်နိုင်ကြောင်း ကြေငြာချက်**

ဇူလိုင်လ ၂၃ ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရက ရခိုင်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်း ၂၄ ခုနှင့် "အခြား ကုလသမဂ္ဂအေဂျင်စီများ၊ MSF အပါအဝင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့များအား ရခိုင်ပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာမှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ရန်" ဖိတ်ခေါ်သည့် ကြေငြာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အား MSF-H က ကြိုဆိုခဲ့သော်လည်း အချို့ ရခိုင်အဖွဲ့များက ၎င်းတို့၏ မနှစ်မြို့မှုကို လူသိရှင်ကြားထုတ်ပြန်ခဲ့ပြီး မည်သည့်အချိန်တွင် မည်သည့်ပုံစံဖြင့် လုပ်ငန်းများ ပြန်လည်စတင်မည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ MSF-H သည် လုပ်ငန်းများ မရပ်ဆိုင်းမီထိ ရခိုင်ပြည်နယ်တွင် အကြီးဆုံး နိုင်ငံတကာ ကျန်းမာရေး အကူအညီပေးသည့် အဖွဲ့ဖြစ်သည်။ MSF-H သည် ၂၀၁၃ ခုနှစ်တွင် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် စခန်း ၂၄ ခုမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် သီးခြားဖြစ်နေသော ရပ်ရွာများအတွက် ကုသမှု ၄၀၀,၀၀၀ ကျော် ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဒုတိယအကြီးဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်သည့် အဖွဲ့ဖြစ်သော Malteser International ကလည်း ယင်းကြေငြာချက်ကို ကြိုဆိုခဲ့သည်။ Malteser သည်လည်း ရပ်ရွာအတွင်း မလိုလားမှုများကြောင့် ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် မိမိတို့လုပ်ငန်းများကို ပြန်လည်စတင်နိုင်ခြင်းမရှိသော်လည်း မောင်းတောခရိုင်တွင် လုပ်ငန်းများ ဆက်လုပ်ဆောင်ရွက်နေပြီး လက်ရှိလုပ်ငန်းများမှာ တီဘီ၊ ငှက်ဖျားနှင့် မိခင်နှင့် ကလေးကျန်းမာရေးတို့ဖြစ်သည်။

# ကချင်ပြည်နယ်ရှိ အဆောင်နေကျောင်းများမှ ကလေးသူငယ်များအား အကူအညီပေးရေးအေဂျင်စီများ ထောက်ပံ့

ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်မှုပြင်ပ နေရာများရှိ အဆောင်နေကျောင်းများမှ ကလေးသူငယ်များအားဒေသခံနှင့် နိုင်ငံတကာအဖွဲ့များက အကူအညီများ ပေးအပ်လျှက်ရှိသည်။ လူသားချင်းစာနာမှုဝန်ထမ်းများ၏ အစီရင်ခံမှုအရ ထိုကျောင်းများသည် ပဋိပက္ခကာလအတွင်း နေရပ်စွန့်ခွာသူ ကလေးသူငယ်အများအပြားပညာရေးစဉ်ဆက်မပြတ်စေရန်တိုးချဲ့ထားသောကျောင်းများဖြစ်သည်ဟုသိရသည်။

Save the Children သည် ဒေသခံ NGO ဖြစ်သော WPN နှင့် ကချင် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (KDG) တို့နှင့် ပူးပေါင်းပြီး ကချင်ပြည်နယ်၊ လိုင်ဇာနှင့် မိုင်ဂျာယန်ရှိ အစိုးရထိန်းချုပ်မှုပြင်ပ နေရာများရှိ အဆောင်နေကျောင်း ၆ ကျောင်းမှ ကလေးသူငယ်များ၏ လိုအပ်ချက် များကို ဖြည့်ဆည်းပေးရန် စီမံကိန်းတစ်ခုကို စတင်ထားသည်။ ယင်းလုပ်ငန်းသည် အသက် ၃-၅ နှစ်ကလေးသူငယ်များအတွက် အစောပိုင်းကာလ ကလေးသူငယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD) ဌာနများကို လည်း မိုင်ဂျာယန်တွင် ဖွင့်လှစ် ပေးသွားမည်ဖြစ်သည်။



လိုင်ဇာ၊ အလန်ဘမ် အဆောင်နေကျောင်းမှ ကျောင်းသားများ၊ ၂၉ ဇူလိုင် ၂၀၁၄။ ဓာတ်ပုံ - OCHA

*ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေမှ ပံ့ပိုးသော ငွေများဖြင့် ကလေးသူငယ် ၂,၅၀၀ ဦးခန့်ကို နှစ်ကုန်ထိ ဖြည့်စွက်အစာ၊ အာဟာရဖြည့်အစာများ ကျွေးမွေးသွားမည်ဖြစ်ပြီး ကလေးသူငယ်အားလုံးကို သင်ကြားရေးပစ္စည်းများ ပေးအပ်သွားမည်။ ကလေးသူငယ် ၂,၅၀၀ တို့မှာ ၎င်းတို့၏ နေထိုင်ရာနှင့် စာသင်ကြားနေရာများ ပိုမိုကောင်းမွန်လာသည်ကို မြင်တွေ့ရမည်။*

ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေမှ ပံ့ပိုးသော ငွေများဖြင့် ကချင်ပြည်နယ်ရှိ အဆောင်နေကျောင်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ အသက် ၁၀-၁၈ နှစ် ကလေးသူငယ် ၂,၅၀၀ ဦးခန့်ကို နှစ်ကုန်ထိ ဖြည့်စွက်အစာ၊ အာဟာရဖြည့်အစာများ ကျွေးမွေးသွားမည်ဖြစ်ပြီး ကလေးသူငယ်အားလုံးကို သင်ကြားရေးပစ္စည်းများ ပေးအပ်သွားမည်။ စီမံကိန်းတစ်စိတ်တစ်ပိုင်းအဖြစ် လူနေဆောင်များ၊ အိပ်ယာ ထိုင်ခင်းများနှင့် ရေချိုးခန်းများကို အဆင့်မြှင့်ပေးခြင်းဖြင့် ပိုမိုဘေးကင်းလုံခြုံသော လူနေရာနှင့် စာသင်ကြားရာနေရာများ ဖန်တီးပေးရန် အဆောင်နေကျောင်းများမှ နေထိုင်ရာနေရာများကိုလည်း ပိုမို ကောင်းမွန်အောင် ဆောက်ရွက်ပေးသွားမည်။ ထို့ပြင် လိုင်ဇာနှင့် မိုင်ဂျာယန်ရှိ အဆောင်နေကျောင်းများသည် ဒေသခံနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့များ အကူအညီဖြင့် ကလေးသူငယ် ဘေးကင်းလုံခြုံရေး မူဝါဒများကို ရေးဆွဲသွားမည်ဖြစ်ပြီး လစဉ် ပြန်လှန်သုံးသပ်သွားမည်။ စီမံကိန်းသည် မိုင်ဂျာယန်ရှိ ECCD ဌာနများမှ အုပ်ထိန်းသူများအား သင်တန်းနှင့် လစာငွေများလည်း ပေးအပ်မည်ဖြစ်ပြီး အဆောက်အဦးများ ပိုမိုကောင်းမွန်စေကာ ဘေးကင်းလုံခြုံရေးမူဝါဒများ ဖော်ထုတ်မှုကိုလည်း ပံ့ပိုးသွားမည်။

ဤသည်တို့မှာ အဆောင်နေကျောင်းများ၏ အခြေအနေကို ပိုမို ကောင်းမွန်စေရန် ပံ့ပိုးပေးမည်ဖြစ်သော်လည်း ဒေသခံအာဏာပိုင်များနှင့် လူသားချင်းစာနာမှုအဖွဲ့များ၏ တင်ပြချက်အရ အကူအညီများ ထပ်မံလိုအပ်သေးသည်။ လိုအပ်သောအကူအညီများမှာ ကျားမသတိပြုသော သန့်စင်ရာနေရာများပါဝင်သည့် ကာကွယ်စောင့်ရှောက်မှုပေးသော စာသင်ကြားရာနေရာများ၊ မိုးရာသီနှင့် နွေရာသီများတွင် ဘေးကင်းသော သောက်သုံးရေ၊ ဆေးဝါးအထောက်အပံ့နှင့် ပစ္စည်းကိရိယာများ၊ ဖြည့်စွက်အစာ အထောက်အပံ့တို့ဖြစ်သည်။

UNICEF နှင့် Save the Children အပါအဝင် နိုင်ငံတကာအဖွဲ့များ၊ KBC နှင့် ကရုဏာမြန်မာ လူမှုဝန်ဆောင်မှုအဖွဲ့ (KMSS) တို့အပါအဝင် ဒေသခံ NGO များကလည်း အစိုးရထိန်းချုပ်သော နေရာနှင့် အစိုးရထိန်းချုပ်မှုပြင်ပရှိ နေရာများမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများအား သင်ကြားရေးပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ ယာယီစာသင်ကြားရာနေရာများ တည်ဆောက်ပေးခြင်းနှင့် ဆရာ၊ဆရာမများအားသင်တန်းပေးခြင်းအပါအဝင် ယာယီစခန်းများတွင် အရေးပေါ်ပညာရေးအထောက်အပံ့များ ပေးအပ်လျှက်ရှိသည်။

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။